REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၃၀၀ကျပ် K 300

# "နှစ်ဖက်သဘောတူ မီးစက်အရောင်းအဝယ်ဆိုင်ရာ ကတိစာချုပ်"

## Brand New Matador Generator VP-550 (Open Type) 500KVA (1)Unit
## (SO NO. HTY-BSO-UNT-2025-01-0002)
## Contract No . WF-MS-045/2025

ဤနှစ်ဖက်သဘောတူ မီးစက်အရောင်းအဝယ်ဆိုင်ရာ ကတိစာချုပ် ("စာချုပ်") ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က ပြုလုပ်ချုပ်ဆိုကြသည်မှာ-

**မီးစက်ဝယ်ယူသူ** ။ ။ LLUVIA LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၈၂၅၇၂၄၀၃)
အမှတ်-၁၀၈၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။
(**၎င်းကုမ္ပဏီကိုယ်စား ဒေါ်စင်မာအောင်၊ ရာထူး** - Factory Manager, နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ၁၂/ဥကတ (နိုင်) ၁၄၄၉၉၁ မှ ကိုယ်စားပြုလက်မှတ်ရေးထိုးချုပ်ဆိုသည်။)

27.1.25

ဖုန်းနံပါတ် - 09 - 971 820 870

အီးမေးလ် - ____________________

(ဤမှနောင်တွင် "**မီးစက်ဝယ်ယူသူ**" ဟု ခေါ်ဆိုမည်ဖြစ်ပြီး၊ အဆိုပါစကားရပ်၌ ယင်း ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်) က တစ်ဖက်နှင့်

**မီးစက်ရောင်းချသူ** ။ ။ WINNING WAY COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၂၁၃၄၀၄၀၂)
အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
(ၡင်းကုမ္ပဏီကိုယ်စား ဦးဇော်မင်းမြတ်၊ ရာထူး - Assistant Chief Operation Officer, နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/မရက(နိုင်)၁၁၄၄၁၀ မှ ကိုယ်စားပြုလက်မှတ်ရေးထိုးချုပ်ဆိုသည်။)

ဖုန်းနံပါတ် - 09-977835636

အီးမေးလ် - ____________________

(ဤမှ နောင်တွင် "**မီးစက်ရောင်းချသူ**" ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ အဆိုပါစကားရပ်၌ ယင်းဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)

အထက်ပါ "**မီးစက်ဝယ်ယူသူ**" နှင့် "**မီးစက်ရောင်းချသူ**" တို့အား တစ်ဦးချင်းစီအားဖြင့် "**စာချုပ်ဝင်**" ဟုလည်းကောင်း၊ ပူးတွဲလျက် "စာချုပ်ဝင်များ" ဟု လည်းကောင်း ရည်ညွှန်းသုံးစွဲမည်ဖြစ်ပါသည်။

၁။ **ရည်ရွယ်ချက်**

**မီးစက်ရောင်းချသူမှ** ဖြန့်ဖြူးရောင်းချလျက်ရှိသည့် Brand New Matador Generator မီးစက်နှင့် ဆက်စပ် ပစ္စည်းများ ("မီးစက်") အား မီးစက်ဝယ်ယူသူထံသို့ ဤစာချုပ်ပါကျသင့်တန်ဖိုးဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းရာ **မီးစက်ဝယ်ယူသူမှလည်း** ကမ်းလှမ်းချက်အား လက်ခံပါသဖြင့် အောက်ဖော်ပြပါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ နှစ်ဖက်သဘောတူညီကြ၍ ဤစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြခြင်းဖြစ်ပါသည်။

စာမျက်နှာ(၂)သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၂၅၀ ကျပ်   K 250



**၂။ အရောင်းအဝယ်ပြုလုပ်သည့် မီးစက်နှင့် ဆက်စပ်အပိုပစ္စည်းများ**

၂.၁။ ဤစာချုပ်အရ အရောင်းအဝယ်ပြုလုပ်သည့် မီးစက်သည် နောက်ဆက်တွဲ (က) တွင် အသေးစိတ်ဖော်ပြထား သည့် Brand New Matador Generator VP-550 (Open Type) 500KVA (1) Unit မီးစက်နှင့် ဆက်စပ် အပိုပစ္စည်းများ၊ (Included Exhaust System, Ducting System (Uninstall and Reinstall 500KVA) Existing Genset and New Genset replacement, Wall Hacking and Refreshing, Reinstallation and refitting the fuel piping line) အပါအဝင်ဖြစ်ပြီး၊ မီးစက်ဝယ်ယူသူ၏ စက်ရုံတည်ရှိရာ အမှတ် (၁၀၈)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ အရောက်ပို့၍ လာရောက်တပ်ဆင်ပေးခြင်း (installation) နှင့် တပ်ဆင်ပြီးနောက် ပြုပြင်ထိန်းသိမ်းခြင်း (After Sale Service) ပြုလုပ်ပေးခြင်းများလည်း အပါအဝင်ဖြစ်သည်။

၂.၂။ Brand New Matador Generator VP-550 (Open Type) 500KVA (1) Unit မီးစက်နှင့် ဆက်စပ် အပိုပစ္စည်းများ၊ (Included Exhaust System, Ducting System (Uninstall and Reinstall 500KVA) Existing Genset and New Genset replacement, Wall Hacking and Refreshening, Reinstallation and refitting the fuel piping line) မီးစက်အား **မီးစက်ရောင်းချသူ**သည် ဤစာချုပ်အရ မိမိရောင်းချသော မီးစက်သည် Brand New Matador Generator VP-550 (Open Type) 500KVA မီးစက်သည် အသစ်ဖြစ်ကြောင်းအာမခံလျက်၊ ယင်းမီးစက်အား မီးစက်ဝယ်ယူ၏ စက်ရုံတည်နေရာတွင် တပ်ဆင်ပြီးနောက် Test & commissioning Handover ပြုလုပ်ပြီးသည့် အချိန်မှစ၍ (၁၈) လ ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၄,၀၀၀) ပြည့်သည့်ကာလ (နှစ်ခု)အနက် စောစွာသော ကျရောက်သည့်နေ့ကို အာမခံကာလ (“**အာမခံကာလ**”) အဖြစ် အာမခံပေးသွားမည် ဖြစ်ပါသည်။ အဆိုပါအာမခံ ကာလအတွင်း မီးစက်ဝယ်ယူသူသည် မီးစက်ရောင်းချသူ၏ အကြံပြုထားသည့် စက်အပိုပစ္စည်းများကိုသာ အသုံးပြုရမည်။

၂.၃။ အာမခံကာလအတွင်း မီးစက်သည် အသုံးပြုသူ၏ ပြုမူဆောင်ရွက်မှုကြောင့်မဟုတ်ဘဲ Factory fault ကြောင့် ချို့ယွင်းချက်တစ်စုံတစ်ရာပေါ်ပေါက်လာပါက အရောင်းအဝယ်ပြုလုပ်ထားသည့် မီးစက်အား (၇) ရက်အတွင်းပြင်ဆင်ပေးရမည်။ (၇)ရက်ကျော်၍ ပြန်လည် ပြင်ဆင်ခြင်း မပြီးခဲ့ပါကလုပ်ငန်းလည်ပတ်မှုအဆင်ပြေစေရန်အတွက် မီးစက်ရောင်းချသူမှ မီးစက်ဝယ်ယူသူ၏ စက်ရုံအရောက် 500 KVA မီးစက်တစ်လုံးအား ယာယီသွယ်တန်းခြင်းပြုလုပ်မည့် နေရာအရောက်အခမဲ့ လာရောက်ချထားပေးရမည်ကို သဘောတူပါသည်။

၂.၄။ မီးစက်ရောင်းချသူသည် အာမခံကာလအတွင်း တပ်ဆင်ပြီးနောက် ပြုပြင်ထိန်းသိမ်းခြင်း (After Sale Service) အနေဖြင့် မီးစက်အား အသုံးပြုနာရီ (၂၅၀) ပြည့်တိုင်း ပုံမှန်ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ပေးရန်အတွက် အခမဲ့ လာရောက်ကြည့်ရှု၍ စစ်ဆေးပေးသွားမည်ဖြစ်သည်။

၂.၅။ မီးစက်ရောင်းချသူ သည် အရောင်းအဝယ်ပြုလုပ်သည့် မီးစက်နှင့် ဆက်စပ်ပစ္စည်းများအား မီးစက်ဝယ်ယူသူ စက်ရုံတည်နေရာသို့ အရောက်ပေးပို့၍ မီးစက်ဝယ်ယူသူမှ မီးစက်အား လာရောက်တပ်ဆင်ရန် အကြောင်း ကြားသည့်နေ့မှ (၇) ရက်အတွင်း တပ်ဆင်ပြီးစီးအောင် တာဝန်ယူဆောင်ရွက်ရမည်။

၂.၆။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့် မီးစက်ကို မီးစက်ရောင်းချသူ မှ ပေးပို့၍ လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး၍ လက်ခံရမည်။

စာမျက်နှာ(၃)သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၂၅၀ကျပ် K 250



၂.၇။ အာမခံကာလအတွင်း (သို့မဟုတ်) မီးစက်ဝယ်ယူသူ၏ ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက **မီးစက်ဝယ်ယူသူက** အဆိုပါစက်အရံပစ္စည်း၏ တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၂.၈။ အာမခံကာလအတွင်းနှင့် အာမခံကာလကုန်ဆုံးပြီးနောက်ပိုင်းတွင်လည်း မီးစက်နှင့်စပ်လျဉ်း၍ စက်အရံပစ္စည်း (Spare Parts) များအား မီးစက်ဝယ်ယူသူမှ လိုအပ်ပါက မီးစက်ရောင်းချသူမှ ဝယ်ယူရရှိနိုင်အောင် စီစဉ်ဆောင် ရွက်ပေးရမည်။

၂.၉။ အာမခံသည့်ကာလအတွင်း မီးစက်ချို့ယွင်းမှုတစ်စုံတစ်ရာဖြစ်ပေါ်၍ ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာနေရာ (အမှတ် (၁၀၈)၊ စက်မှုဇုန် (၃)၊ လှိုင်သာယာ) သို့မဟုတ် မီးစက်ရောင်းချသူ၏ ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်ပါက မီးစက်ရောင်းချသူ၏ ဝန်ထမ်းနှင့် အလုပ်သမားများသည် မီးစက်ကို အခမဲ့လာရောက်ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၂.၁၀။ မီးစက်ရောင်းချသူသည် ဤစာချုပ်၏ နောက်ဆက်တွဲ (က)တွင် အသေးစိတ်ဖော်ပြပါရှိသည့် မီးစက်၊ မီးစက်၏ ဆက်စပ်ပါဝင်ပစ္စည်းများနှင့်တကွ scope of supply အညီ တာဝန်ယူဆောင်ရွက်ပေးရန် သဘောတူပါသည်။

၂.၁၁။ မီးစက်ရောင်းချသူသည် မီးစက်နှင့်စပ်လျဉ်း၍ မီးစက်ဝယ်ယူသူနှင့် မီးစက်ဝယ်ယူသူ၏ ဝန်ထမ်းများ အသုံးပြု ရာတွင် အဆင်ပြေလွယ်ကူချောမွေ့စေရန် လိုအပ်ပါက အသုံးပြုနည်းအတွက် နည်းပညာသင်တန်း ပို့ချခြင်းအား စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

**၃။ ကျသင့်တန်ဖိုးနှင့် ငွေပေးချေမှုသတ်မှတ်ချက်**

၃.၁။ နောက်ဆက်တွဲ (က) တွင် အသေးစိတ်ဖော်ပြထားသော အရောင်းအဝယ်ပြုလုပ်သည့် မီးစက်နှင့် ဆက်စပ် ပစ္စည်းများအတွက် ကျသင့်တန်ဖိုးငွေမှာ USD – 67,000/- (USD – Sixty Seven Thousand Only) (ကုန်သွယ် လုပ်ငန်းခွန် အပါအဝင်ဈေးနှုန်း) ကို ပေးချေရမည့်နေ့ရက်အသီးသီး၏ ဈေးကွက်ပေါက်ဈေးအား စာချုပ်ဝင်များ အကြား အပြန်အလှန်ညှိနှိုင်းသတ်မှတ်၍ မြန်မာကျပ်ငွေဖြင့် ပေးချေရန် နှစ်ဖက်သဘောတူကြပါသည်။ အကယ်၍ ဈေးကွက်ပေါက်ဈေးအား နှစ်ဘက်ညှိနှိုင်း၍ မရခဲ့ပါက မီးစက်ဝယ်ယူသူမှ USD Cash ဖြင့် (၇)ရက်အတွင်း ပေးချေရမည်ကို လက်ခံသဘောတူပါသည်။

၃.၂။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator VP-550 (Open Type) 500KVA (1) Unit အတွက် တန်ဖိုးငွေ 50% Down Payment USD–31,904.76/- (USD – Thirty One Thousand Nine Hundred and Five) နှင့် ကုန်သွယ်ခွန် USD-3,190.48/- (USD – Three Thousand One Hundred and Ninety)ကို စာချုပ်ချုပ် ဆိုပြီးနောက် ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်( )ရက်နေ့တွင် ရောင်းချသူသည် ဝယ်ယူသူ၏ ရုံးတွင်ထုတ်ယူပြီး Form-31 မူရင်း နှင် Form - 2 မိတ္တူအား တစ်ပါတ်ထဲ ပေးဆောင်မည်ဖြစ်ကြောင်း သဘောတူညီပါသည်။

၃.၃။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator VP-550 (Open Type) 500KVA (1) Unit အတွက် တန်ဖိုးငွေ၏ ကျန်ငွေ 50% USD –31904.76/- ((USD – Thirty One Thousand Nine Hundred and Five) ကို After commissioning test run (not included Synchronizing System) လုပ်ပြီး (၃) ပတ်အတွင်း ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ( ) ရက်နေ့တွင် ဝယ်ယူသူ၏ရုံးတွင် ထုတ်ယူရန် သဘောတူညီပါသည်။

စာမျက်နှာ(၄)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် K 250



**၄။ မီးစက်ရောင်းချသူ၏ တာဝန်ဝတ္တရားများ**

၄.၁။ မီးစက်ရောင်းချသူသည် ကနဦးပေးချေငွေအား ပေးချေပြီးနောက် (၅)ရက် အတွင်းတွင် မီးစက်ဝယ်သူ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် ဆက်စပ်စာရွက်စာတမ်းများကို မီးစက်နှင့်အတူ မီးစက်ဝယ်ယူသူထံသို့ တစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရန် သဘောတူပါသည်။

၄.၂။ မီးစက်ရောင်းချသူသည် နောက်ဆက်တွဲ (က) တွင် အသေးစိတ်ဖော်ပြထားသည့် အချက်အလက်များအတိုင်း မီးစက်အား သယ်ယူပို့ဆောင်ပေးခြင်း၊ မီးစက်ဝယ်ယူသူ၏ မီးစက်အဟောင်းကို ပြင်ပသို့ ထုတ်ယူပေးခြင်း အတွက် ဆောင်ရွက်ခြင်း၊ ဤစာချုပ်အရ အရောင်းအဝယ်ပြုလုပ်သည့် မီးစက်အား Exhaust System, Ducting System and, Wall Hacking and Refreshing, Reinstallation and refitting the fuel piping line စသည့် အချက်များကို မီးစက်ရောင်းချသူမှ သတ်မှတ်သည့်ရက်အတွင်း တစ်ပါတည်း ပြီးစီးအောင် ဆောင်ရွက်ပေးရမည်။

၄.၃။ တံဆိပ်ခေါင်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အား မီးစက်ရောင်းချသူမှ တာဝန်ယူပေးဆောင်ရမည်ဖြစ်ပြီး ကျသင့်အခွန်နှင့်စပ်လျဉ်းသည့် ပြေစာ၊ ကသခ(၂) နှင့် အခွန်ဆောင်ပြီး ပြေစာ Form 31 အား မီးစက်ရောင်းချသူမှ မီးစက်ဝယ်ယူသူထံသို့ မူရင်း၊ မိတ္တူများ ပေးအပ်ရမည်။

၄.၄။ မီးစက်ရောင်းချသူသည် ဤစာချုပ်၏ အပိုဒ် (၂.၄) အရ မီးစက်ဝယ်ယူသူ၏ စက်ရုံတည်နေရာသို့ မီးစက်အား လာရောက်တပ်ဆင်ပေးရန်၊ မီးစက်ဝယ်ယူသူဘက်မှ အကြောင်းကြားသည့်နေ့မှ သတ်မှတ်ရက်အတွင်း အပြီးသတ်ဆောင်ရွက်ပေးရန်များကို မီးစက်ရောင်းချသူ ဘက်မှ နှောင့်နှေးခြင်း၊ ပျက်ကွက်ခြင်းများဖြစ်ပေါ်ပါက မီးစက်ဝယ်ယူသူမှ ပေးချေထားပြီးဖြစ်သည့် ကနဦးပေးချေငွေ၏ (၂ဆ)နှင့် ညီမျှသည့်ပမာဏကို မီးစက်ဝယ်ယူသူ၏ နစ်နာကြေးအဖြစ် ပေးလျော်ရန် သဘောတူပါသည်။ (မီးစက်ရောင်းချသူ အနေဖြင့် ကာကွယ်နိုင်စွမ်းမရှိသော ဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြား မလွှဲမရှောင်နိုင်သော ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ဤစာချုပ်ပါ လုပ်ငန်းများကို အကောင် အထည်ဖော်ရာ၌ မလွှဲမရှောင်နိုင်သော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာခဲ့သော် နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ သတ်မှတ်ထားသော ပြီးစီးရမည့် ရက်ကာလကို ပြင်ဆင်တိုးမြှင့် သတ်မှတ်ပေးနိုင်မည်ဖြစ်သည်)

**၅။ လွှမ်းမိုးသည့် ဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း**

၅.၁။ ဤစာချုပ်အား ဖတ်ရှုခြင်း၊ အဓိပ္ပါယ်ကောက်ယူခြင်းနှင့် ဥပဒေအရလွှမ်းမိုးခြင်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များ၊ ကျင့်ထုံးများနှင့် အညီသာ ဖြစ်ရမည်။

၅.၂။ ဤစာချုပ်နှင့်ပတ်သက်၍ စာချုပ်ဝင်များအကြား အငြင်းပွားမှုတစုံတရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဖြေရှင်းသော်လည်း ပြေလည်မှုမရရှိပါက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးများသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

**၆။ အထွေထွေ**

၆.၁။ ဤစာချုပ်နှင့်အညီ ပေးပို့သော သို့မဟုတ် ပြုလုပ်သော အသိပေးအကြောင်းကြားခြင်းများနှင့် အခြားသော ဆက်သွယ်မှုများအားလုံးသည် စာဖြင့် ရေးသား၍ လူကိုယ်တိုင်ဖြစ်စေ၊ စာပို့လုပ်ငန်းဖြင့် ဖြစ်စေ သို့မဟုတ် ဖက်စ် သို့မဟုတ် အီလက်ထရောနစ်မေးလ် (E-mail) ဖြင့်ဖြစ်စေ ဤစာချုပ်၏ ပထမစာမျက်နှာတွင် ဖော်ပြပါရှိသော စာချုပ်များ၏ လိပ်စာသို့ ပေးပို့နိုင်သည်။

စာမျက်နှာ(၅)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250



၆.၂။ ဤစာချုပ်အား စာချုပ်ဝင်များ၏ စာဖြင့်ရေးသား၍ အပြန်အလှန်သဘောတူညီမှုမပါရှိဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းများ မပြုလုပ်ရ။

၆.၃။ ဤစာချုပ်တွင် ဖော်ပြပါရှိချက်များသည် စာချုပ်ဝင်များအကြား ပြီးပြည့်စုံသော သဘောတူညီချက်များဖြစ်ပြီး၊ စာချုပ်ဝင်များအကြား နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ယခင်က သဘောတူညီမှုများအားလုံးကို လွှမ်းမိုးအစားထိုး ရမည်။

၆.၄။ ဤစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်တခုခုသည် ဥပဒေအရ ပျက်ပြယ်ကြောင်း၊ တရားမဝင်ကြောင်းကို စီရင် ပိုင်ခွင့်ရှိသော တရားရုံး၏ ဆုံးဖြတ်ခြင်းခံရသည့်ဖြစ်ရပ်တွင် အဆိုပါဆုံးဖြတ်ခံရသည့် သတ်မှတ်ချက်မှတပါး ကျန်ရှိသော ဤစာချုပ်ပါ သတ်မှတ်ချက်များသည် မူလပါရှိသည့်အတိုင်း ဆက်လက်အကျိုး သက်ရောက်စေ ရမည်။

၆.၅။ စာချုပ်ဝင်များသည် ဤစာချုပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၊ ဌာနများမှ အခါအားလျော်စွာ ထုတ်ပြန်ပြဌာန်းသည့် ဥပဒေများ၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များ၊ နည်းဥပဒေများ၊ အမိန့်ကြေညာစာများ၊ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက် များနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆.၆။ ဤစာချုပ်နှင့် ပူးတွဲပါစာရွက်စာတမ်းအားလုံးသည် ဤစာချုပ်နှင့် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူ ရမည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို စာချုပ်ဝင်များ၏ တာဝန်လွှဲအပ်ထားခြင်းခံရသည့် တရားဝင်ကိုယ်စားလှယ်များက နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင် အထက်ပြုခြင်း၊ မလျော်ဩဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒနှင့် အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြ ပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
| --- | --- |
| Winning Way Co., Ltd. (ကိုယ်စား) | Lluvia Limited (ကိုယ်စား) |
| [signature] 29/1/25 | [signature] 27.1.25 |
| အမည် - ဦးဇော်မင်းမြတ် | အမည် - ဒေါ်ဇင်မာအောင် |
| ရာထူး - Assistant Chief Operation Officer | ရာထူး - Factory Manager |

<u>အသိသက်သေများ</u>

| | |
| --- | --- |
| ၁။ အမည် - Christ Nwe [signature] | ၂။ အမည် - [signature] |
| မှတ်ပုံတင် - 11/[illegible] 060123 | မှတ်ပုံတင် - ၇/[illegible] |
| နေရပ် - [illegible] Tsp | နေရပ် - အမှတ် 108၊ [illegible] ရပ်(၃)၊ [illegible] |

အမည် .................... အဘအမည် ....................
အမျိုးသားမှတ်ပုံတင်အမှတ် ....................
ရောင်းချသည့်ပုဂ္ဂိုလ် ....................
တံဆိပ်ခေါင်းအမှတ်စဉ် ....................
ဝယ်ယူသည့်အကြောင်းအရာ ....................
တံဆိပ်ခေါင်းတန်ဖိုး ....................
ရောင်းချသူ၏လက်မှတ် ....................

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ(၃၂)၊ ပုဒ်မခွဲ၁(ခ)အရ ထပ်ဆင့်ထောက်ခံချက်

ဤစာချုပ်သည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား အမှတ်စဉ်-၅(ဂ) အရ တန်ဖိုးအပေါ် ၁% ထိုက်သင့်သည့် စာချုပ်စာတမ်းအမျိုးအစားဖြစ်ပါသည်။

စာချုပ်ချုပ်ဆိုသူတို့သည် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ(၁၇)ပါ စာချုပ်ချုပ်ဆိုသည့်နေ့နှင့် ၎င်းနေ့မတိုင်မီ တံဆိပ်ခေါင်းခွန်ကပ်နှိပ်ရမည့် ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၂ ၊ ပုဒ်မခွဲ၁(ခ)အရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးကာ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်။

ဤစာချုပ်အပေါ် ကျသင့်တံဆိပ်ခေါင်းခွန် ကျပ် (၁၅၀၀၀၀/-) ကို ကျောက်တံတားမြို့နယ် ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁)၏ ငွေစာရင်းအမှတ် MD-010134 သို့ (၂၃-၁-၂၀၂၅)ရက်စွဲပါ ချလန်အမှတ်(119)ဖြင့် ပေးသွင်းစေလျှက် ဒဏ်ကြေးငွေ ကင်းလွတ်ခွင့်ပြုကာ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ( ၄၂ )ပုဒ်မခွဲ(၂ ) နှင့်အညီ တံဆိပ်ခေါင်းထုတ်ပေးခြင်း မပြုဘဲ တံဆိပ်ခေါင်းကပ်နှိပ်ပြီး စာချုပ်ကဲ့သို့ မှတ်ယူဆောင်ရွက်နိုင်ရန် (၂၃-၁-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စာအမှတ်
ရက်စွဲ
အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁)

23/1/25

(ခင်ဥမ္မာရီ)
လက်ထောက်ညွှန်ကြားရေးမှူး
အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

နောက်ဆက်တွဲ (က)

**DETAIL SPECIFICATION OF BRAND-NEW MATADOR POWER GENERATOR AND SCOPE OF SUPPLY**

**(a) Detail Specification**

| No. | Model | Engine Brand | Engine | Engine Model | Alternator Brand | Standby (KVA) | Prime (KVA) | Qty | Remark |
|---|---|---|---|---|---|---|---|---|---|
| 1 | VP550 | Matador | Volvo Penta | TAD1641GE-B | Meccalte | 550 | 500 | 1 | |
| | Charges for exhaust system installation and 500KVA Old/New genset location arrangement, Room wall destroy and rebuild if is difficult when unit in/out relocate. | | | | | | | | |

**(b) Scope of Supply**

Diesel Generator Set consists of:

Rated at 0.8pf, 400 Volts, 3 Phase ,4 Wires , 50Hz at 1500 Rpm Powered by Volvo Diesel Engine driving **Meccalte** Alternator, aligned and assembled to generator set package **( Open Type )** with the following accessories:

(1) Air Cleaner , Normal Duty Type
(2) Air Intake Manifold
(3) Circulation Water Pump
(4) Thermostat and Thermostat Housing
(5) Spin on Type Water Filter and Corrosion Resister
(6) Lube Oil Pump
(7) Spin on Type Oil Filter and Oil Cooler
(8) Dry type Exhaust Manifold
(9) Spin on Type Fuel Filter
(10) Starter Motor
(11) Radiator with Fan Guard
(12) One Set of Operation and Maintenance Manual
(13) Residential Silencer with Flexible Bellow
(14) Maintenance Free Batteries (Supply Lose)

**Out of scope of supply**

- Related electrical , mechanical and civil works
- Power cable and control cable installation works.
- Fuel systems installation works.